The Special Company Act, 1950
(Act No. LIV of 1950)

# ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေ။

[ ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၅၄။ ] 54

မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေရှိအချို့သောပြဋ္ဌာန်းချက်များနှင့် အကြောင်းအားလျော်စွာလိုအပ်လျှင်၊ မသက်ဆိုင်သောကုမ္ပဏီမျိုးဖွဲ့စည်းရန်ရည်ရွယ်သည့်တကြောင်း၊

ထိုကုမ္ပဏီကိုဖွဲ့စည်းရန်ကိစ္စနှင့်အခြားကိစ္စများအတွက်ပြဋ္ဌာန်းရန်လိုအပ်သည့်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အမိန့်ကြော်ငြာစာဖြင့် နိုင်ငံတော် သမတသတ်မှတ်သည့်နေ့တွင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "သင်းဖွဲ့စည်းမျဉ်းများ" ဆိုသည်မှာ၊ နိုင်ငံတော်သမတက မူလသဘောတူညီထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများနှင့် နောက်ထပ် ပြင်ဆင်ချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များကိုဆိုလိုသည်။

(ခ) "ကုမ္ပဏီ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရဖွဲ့စည်းမည့်ကုမ္ပဏီကို ဆိုလိုသည်။

(ဂ) "သင်းဖွဲ့မှတ်တမ်း" ဆိုသည်မှာ၊ နိုင်ငံတော်သမတကမူလသဘောတူညီထားသည့် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် နောက်ထပ်ပြင်ဆင်ချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များကိုဆိုလိုသည်။

၃။ ။မြန်မာနိုင်ငံ ကုမ္ပဏီ အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များအနက် ဤအက်ဥပဒေကဖြစ်စေ၊ သင်းဖွဲ့စည်းမျဉ်းကဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းကဖြစ်စေ အတည့်အလင်းသော်၎င်း၊ သဘောအဓိပ္ပါယ်အရသော်၎င်း၊ ပယ်ဖျက်ခြင်းမပြုသော၊ သို့တည်းမဟုတ် မသက်ဆိုင်ရဟု တားမြစ်ခြင်းမပြုသော ပြဋ္ဌာန်းချက်များသာလျှင်၊ ကုမ္ပဏီနှင့်သက်ဆိုင်ရမည်။

၄။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာဖြင့်—

(က) ကုမ္ပဏီ၏အမည်ကို၎င်း၊ အခါအားလျော်စွာ အမည်ပြောင်းလဲခြင်းကို၎င်း ပြဋ္ဌာန်းနိုင်သည်။

(ခ) မည်သူတို့သည် ကုမ္ပဏီ၏ပဌမအဖွဲ့ဝင်များဖြစ်ရမည်ဟု သတ်မှတ်နိုင်သည်။

**Price,--One anna.]**

(ဂ) မည်သူကိုသည် ဆိုခဲ့သည့်ပဌမအဖွဲ့ဝင်များအဖြစ်၊ သို့တည်းမဟုတ် ထိုသူတို့ကိုယ်စားဆောင်ရွက်လျက် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းကိုလက်မှတ်ရေးထိုးခြင်းဖြင့် သင်းဖွဲ့မှတ်တမ်းတွင် ဖေါ်ပြထားသည့်အတိုင်း ကာဝန်ကန့်သတ်၍ ကုမ္ပဏီဖွဲ့စည်းသည်ဟု သတ်မှတ်နိုင်သည်။

(ဃ) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို သဘောတူညီနိုင်သည်။ ယို့ပြင်ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ ပြောင်းလဲချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုကို သဘောတူညီချက်ရရှိရန် ကုမ္ပဏီကလျှောက်ထားသည့်အခါ အခါအား လျော်စွာသဘောတူညီနိုင်သည်။

၅။ ။ကုမ္ပဏီသည် သင်းဖွဲ့မှတ်တမ်း၏၊ သို့တည်းမဟုတ် သင်းဖွဲ့စည်းမျဉ်းများ၏ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုကို နိုင်ငံတော်သမတ၏ သဘောတူညီချက်ရရှိရန် သင်းဖွဲ့စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း နိုင်ငံတော်သမတထံလျှောက်ထားရမည်။

၆။ ။သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကိုသော်ငင်း၊ ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏ နောက်ထပ်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုကိုသော်၎င်း၊ နိုင်ငံတော်သမတက သဘောတူညီကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာသည့်အခါ၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများရှိပြဋ္ဌာန်းချက်အသီးသီးသည်၊ သို့တည်းမဟုတ်ထိုသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၏နောက်ထပ်ပြင်ဆင်ချက်၊ သို့တည်းမဟုတ် ဖြည့်စွက်ချက်တခုခုရှိပြဋ္ဌာန်းချက်အသီးသီးသည်၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေတွင် သော်၎င်း၊ တည်ဆဲအခြားဥပဒေတရပ်ရပ်တွင်သော်၎င်း၊ မည်သို့ပင်ဆိုကားခစေကာမူ၊ ကိစ္စဟူသမျှအကျွက်တရားဝင်ရမည်။

၇။ ။(၁) မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရ၊ ကုမ္ပဏီများမှတ်ပုံတင်သော တာဝန်ဝတ်တရားကို ဆောင်ရွက်သည့်မှတ်ပုံတင်အရာရှိထံတွင် ကုမ္ပဏီကို '' အထူးကုမ္ပဏီ '' အဖြစ်ဖြင့်မှတ်ပုံတင်ရမည်။

(၂) မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေရှိပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေရှိ၊ သို့တည်းမဟုတ် သင်းဖွဲ့မှတ်တမ်းရှိ၊ သို့တည်းမဟုတ် သင်းဖွဲ့စည်းမျဉ်းများရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင်၊ ကုမ္ပဏီကိုမှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်ရမည်။

၈။ ။(၁) ဘားမားကော်ပိုရေးရှန်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းများ၏ စည်းမျဉ်း ၁၆၅ သည်၊ ဤအက်ဥပဒေအာဏာတည်သည့်နေ့မှစ၍ ပျက်ပြယ်သည့်ပြင်၊ တရားဥပဒေအဖြစ်အကျိုးသက်ရောက်ခြင်းမရှိဟုမှတ်ယူရမည်။

(၂) ဆိုခဲ့သည့်နေ့မှစ၍ ဆိုခဲ့သည့် သင်းဖွဲ့စည်းမျဉ်းများ၏ စည်းမျဉ်း ၇၄ ကို အောက်ပါအတိုင်းပြင်ဆင်သည်ဟုမှတ်ယူရမည်။

"အစုများထုတ်ပေးခြင်း၊သို့တည်းမဟုတ် ဆိုင်ရာအချိန်၌လက်ရှိထားခြင်း
နှင့်စပ်လျဉ်း၍သတ်မှတ်ထားသည့် မဲဆန္ဒပေးခြင်း ဆိုင်ရာအထူး
စည်းကမ်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ အဖွဲ့ဝင်တိုင်းမှာလက်
ပြ၍မဲဆန္ဒပေးရသည့်အခါ၊ မဲဆန္ဒတခုကျ ပေးနိုင်ခွင့်ရှိရမည်။
မဲပြားဖြင့် မဲဆန္ဒပေးရသည့်အခါ အဖွဲ့ဝင်တိုင်းမှာ မိမိပိုင် အစု
တခု လျှင်မဲပြားတခုကျပေးနိုင်ခွင့်ရှိရမည်။"

၉။ ။နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စအားလုံးကိုဖြစ်စေ၊ ကိစ္စတခုခုကိုဖြစ်စေ၊ ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများသည် ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားဘိသကဲ့သို့အကျိုးသက်ရောက်ရမည်။

၁၀။ ။ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များအတိုင်း အသုံးမြောက်အောင် ဆောင်ရွက်ရေးအတွက်လိုအပ်သည့်ငွေများကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်ငွေများမှထုတ်ပေးနိုင်သည်။

G.U.B.C.P.O.—No 36, M. of J.A., 18-11-50—2,000—II.